ကွင်းကြီးအရှေ့ကျေးရွာ

သရက်ချောင်းကျေးရွာအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး
ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)


စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကွင်းကြီးအရှေ့ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ
အညီဖြင့်ရေးဆွဲပါသည်။)



စက်တင်ဘာလ၊ ၂၀၂၄

မာတိကာ


မာတိကာ

အတိုကောက်စကားလုံးများ

စကားချီး ၁

ကွင်းကြီးအရှေ့ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်

၃

ကွင်းကြီးအရှေ့ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် ၅

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၇

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၇

(ခ) သဘာဝအရင်းအမြစ်များ ၈

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်လက်များ ၈

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၈

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၉

(ဃ) ကျန်းမာရေး နှင့် အာဟာရ ၁၀

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၁၁

(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၁

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၂

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၂

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၃

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၄

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၄

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၅

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၁၅
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၁၅
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၆
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၇
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၉
(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၁
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက် အုပ်စုသတ်မှတ်ခြင်း ၂၁
(ဂ) ဦးစားပေး စီမံချက်များ ၂၂
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၂
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၄
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၅
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၅
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၅
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၆
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၇
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၈
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၉

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၉
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၃၀
ဇယား ၃ လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား ၃၆
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၇
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ ၃၈
ဇယား ၆ ဥစ္စာခနေအဆင့်အခြေအနေ ၃၉
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ ၄၀
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၄၁
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၄၁
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု ၄၄
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၄၅
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၄၆
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၄၈
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ ၄၉
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း ၅၀
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၅၂
ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ၅၃
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၅၄
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၅၅
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၅၆
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၅၈
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ၆၁
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ၆၂

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ ၆၃
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း ၆၄
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ ၆၅
ဇယား ၂၇ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ ၆၆
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၆၇
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ ၆၉
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း ၇၀
ဇယား ၃၁ ကျောင်းတက်နှုန်း ၇၁
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ ၇၂
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ ၇၃
ဇယား ၃၄ အဖြစ်များသော ရောဂါများ ၇၄
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၇၅
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ ၇၆
ဇယား ၃၇ သောက်သုံးရေရရှိမှု ၇၇
ဇယား ၃၈ အိမ်သာအမျိုးအစား ၇၈
ဇယား ၃၉ ကျား-မ ရေးရာ ၇၉
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ ၈၀
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု ၈၂
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၈၃
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၈၄
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ ၈၄
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ ၈၀
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ ၈၆
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၈၇
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၈၈

နောက်ဆက်တွဲ (၂)
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ ၈၉
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၈၉
နောက်ဆက်တွဲ (၃)
ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၉၁
ကိုးကားစာရင်း ၉၄

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၀၂၅ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ် တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲ ရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာ များမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များ နှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်

လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။
စက်တင်ဘာလ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကွင်းကြီးအရှေ့ကျေးရွာ
ဇလွန်မြို့နယ်

၃

## ကွင်းကြီးအရှေ့ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်



## ကွင်းကြီးအရှေ့ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံ လုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရ သောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေ သော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေး လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်း ချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို ၇

အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။
လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်း များကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှု ကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍လက်တွေ့အကောင် အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိ ရောက်ဆုံး ဖြည့်ဆည်း နိုင်မည့်စီမံကိန်းများ ကိုဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကွင်းကြီးအရှေ့ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဇလွန်မြို့နယ် ဒေါင့်ကြီးတိုက်နယ်၊ သရက်ချောင်းကျေးရွာအုပ်စု၌တည်ရှိပြီး ဟသ်ာတ-ဇလွန်လမ်းမကြီးဘေး တွင် တည်ရှိပါသည်။ ကွင်းကြီးအရှေ့ကျေးရွာသည် ဒေါင့်ကြီးကျေးရွာနှင့်နယ်နိမိတ်ချင်း ထိစပ်လျက် ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၅၄)ပေခန့်တွင် တည်ရှိပါသည်။ တစ်နှစ်လုံးတွင် (၅)လခန့် မိုးရွာသွန်းပြီး၊ ဆောင်းရာသီ၌ အသင့်အတင့်အေးကာ နွေရာသီကာလများ၌ ယခင်နွေကာလများ ထက် တဖြည်းဖြည်းပို၍ပူလာသည်ကိုတွေ့ကြုံရပါသည်။ ကွင်းကြီးအရှေ့ကျေးရွာသည် ဇလွန်မြို့ နယ်နှင့်(၇)မိုင်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။ ကွင်းကြီး အရှေ့ ကျေးရွာသည် ရွာတွင်းလမ်းများ အရှေ့နှင့်အနောက် သွယ်တန်းထားသည့် ရွာတန်းရှည်ပုံစံ ဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်မြေနိမ့်ဒေသဖြစ်ပြီး အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မမှာ (၃၀) အထက်ရှိပြီး စပါး၊ ပဲအမျိုးမျိုးတို့ကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကွင်းကြီးအရှေ့ကျေးရွာတွင် ကျောက်နှင့်သဲ၊ တွင်းထွက် သယံဇာတများ၊ သဘာဝအပင် မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ ဆေးဘက်ဝင်အပင်များဖြစ်သော ဝွေးတောက်ပင်၊ ပင်စိမ်းပင်၊ ဂျင်းပင်၊ နနွင်းပင်၊ ဆင်နှာမောင်းပင်၊ ဘီးစပ်ပင်၊ လောက်သေပင်၊ ဘောက်ပင်၊ ဆင်တုံးမနွယ်ပင်များ ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကွင်းကြီးအရှေ့ကျေးရွာတွင် အိမ်ခြေ(၅၉)အိမ်၊ အိမ်ထောင်စု(၅၉)နှင့်လူဦးရေ (၂၃၁)ဦးရှိကြောင်း၊ နို့စို့အရွယ်(၁.၇)%၊ ကလေးငယ်အရွယ်(၄.၇)%၊ ကျောင်းနေအရွယ်(၁၇.၅)%၊ အလုပ်လုပ်နိုင် သောအရွယ်(၆၆.၆)%၊ သက်ကြီးရွယ်အို(၉.၅)% ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများအများဆုံး နေထိုင်ကြပါသည်။ ကျေးရွာတွင် အမျိုးသား(၁၁၉)ဦး၊ အမျိုးသမီး(၁၁၂)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာ ကွာဟမှု မရှိသောကြောင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကိုထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေး အတွက် ပိုမိုအထောက် အကူပြုစေနိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကွင်းကြီးအရှေ့ကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစု အပိုဝင်ငွေ ရရှိရေးအတွက် ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်နှင့် အခြားကျပန်း အလုပ်များ လည်းလုပ်ကိုင် ကြပါသည်။ လယ်စိုက်ပျိုးရေးတွင် ကိုယ်ပိုင်လုပ်ကိုင်သူ (၅၅)%နှင့် ရာသီအလိုက် နေ့စားအလုပ် လုပ်ကိုင်သူ(၄၅)% ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေကေ (၁၁၈)ကေရှိပြီး ဥယျာဉ်ခြံမြေ (၂၂.၅၅)ကေနှင့် ကိုင်းမြေ (၁)ကေရှိပြီး၊ ယာမြေ/ တောင်ယာမြေ၊ ကျွန်းမြေ၊ ဓနိတောမြေ၊ စားကျက်မြေနှင့် မြေလွတ်၊ မြေလပ် များမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသောအိမ်ထောင်စု ၁၀အိမ် (၁၇%)၊ အလယ်အလတ် ရှိသောအိမ်ထောင်စု ၁၀အိမ် (၁၇%)၊ ဆင်းရဲသော အိမ်ထောင်စု ၁၉အိမ်(၃၂%)၊ အလွန်ဆင်းရဲသော အိမ်ထောင်စု(၂၀)အိမ်(၃၄%)ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကွင်းကြီးအရှေ့ကျေးရွာသည် လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး အဆင်ပြေသော အိမ်ထောင်စုများမှာ (၅)ဧကနှင့်အထက်ပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊ လုပ်ငန်းသုံးထွန်စက်ငယ် များပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း၊ တွေ့ရှိရပါသည်။ အလယ်အလတ်ရှိ သောအိမ်ထောင်စုများမှာ (၂)ဧကနှင့်(၅)ဧကကြား လယ်မြေများ ပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ် အများဆုံးဖြစ်ကြောင်းနှင့်မပြေလည်သောအိမ်ထောင်စုများမှာ (၂)ဧကအောက် ပိုင်ဆိုင်သူများဖြစ် ကြကြောင်း၊ ဝါးအိမ်အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလွန်မပြေလည်သောအိမ်ထောင်စု များမှာ မြေယာမဲ့များဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာသည် လယ်လုပ်ငန်းအား အဓိကလုပ်ကိုင်သောဒေသ ဖြစ်သဖြင့် လယ်စိုက်ပျိုးရေးသုံး စက်ကိရိယာများပိုင်ဆိုင်မှုမှာ လက်တွန်းစက်(၆)စီး၊ ခြွေလှေ့စက် (၃)စီး၊ ရေစုပ်စက်(၂၂)လုံးရှိပြီး လက်တွန်းစက်အား ငှားရမ်းလုပ်ကိုင်နေသောတောင်သူ(၁၆)ဦးရှိကြောင်း၊ ခြွေလှေ့စက်အား ငှားရမ်းလုပ်ကိုင်နေသော တောင်သူ (၁၃)ဦးရှိကြောင်း၊ ကျေးရွာမှ စုပေါင်း၍ အသုံးပြုရန်အတွက်ရွာပိုင်၊ အဖွဲ့ပိုင်စက် ကိရိယာများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကွင်းကြီးအရှေ့ကျေးရွာရှိ အိမ်ထောင်စုပေါင်း(၅၉)စုအနက် (၃)လအောက် ဝမ်းစာမဖူ လုံ၍ လုပ်အားခကြို့ယူ၍ စားဝတ်နေရေးဖြေရှင်းနေရသော အိမ်ထောင်စုပေါင်း (၁၅)အိမ်ရှိပြီး ဝမ်းစာ မဖူလုံသော အိမ်ထောင်စုများမှာလည်း အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းသော အိမ်ထောင်စု များ၊ မိသားစုဝင်များပြားပြီးကလေးငယ်များသာရှိသော အိမ်ထောင်စုများဖြစ်ကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ် နှင့်အထက်နှင့် မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ်ရှိသည့် အိမ်ထောင်စု မရှိကြောင်း၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၃)စု၊အခြားဒေသသို့ ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသော ဆင်းရဲသည့် အိမ်ထောင်စု

မရှိကြောင်း၊ ကူညီစောင့်ရှောက်မှု အထူးလိုအပ်နေသောအုပ်စုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာအန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ(၃)လအောက် စားနပ်ရိက္ခာ မဖူလုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့် အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကွင်းကြီးအရှေ့ကျေးရွာသည် ဇလွန်မြို့နှင့် (၇)မိုင်ခန့်ကွာဝေး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုအနည်းအကျဉ်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာသည် သဘာဝရင်းမြစ် ( မြေ၊စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သော မုန်တိုင်း၊ ငလျင်ဒဏ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်း ပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု၊ လူကုန်ကူးမှု စသည့် ထိခိုက်မှုမျိုး မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုကဏ္ဍ အလိုက် ခွဲခြား သတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူကျပန်းအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုများသည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက်သက်ရောက်မှု နိမ့်ကြောင်း၊ လူငယ်များသည် အရက်သေစာ သောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှု အနည်းအကျဉ်းသာရှိကြောင်း၊ စားဝတ်နေရေးအခက်အခဲ အနည်းအကျဉ်းရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကွင်းကြီးအရှေ့ကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှု နည်းပါးကြောင်း၊ ရာသီချိန်များတွင်ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးစသည့် ရောဂါဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ် မရှိကြောင်း၊ ကျေးရွာနှင့် (၁)ဖာလုံခန့်တွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် (၇)မိုင်ကျော်ခန့် အကွာတွင် ဇလွန်မြို့နယ်ပြည်သူ့ဆေးရုံရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ကောင်းစွာ ရရှိပြီး အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကွင်းကြီးအရှေ့ကျေးရွာတွင် လွန်ခဲ့သော (၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေး ထိုးနှံခြင်းများ နှင့်အခြားစုပေါင်း ကာကွယ်ဆေးအနေဖြင့်

ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက် ရောင် ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ အနေဖြင့် ကျေးရွာနှင့်(၁)ဖာလုံဝေးသော ဒေါ်င့်ကြီးကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် (၇)မိုင်ခန့် ဝေးသော ဇလွန်မြို့နယ်ပြည်သူ့ဆေးရုံရှိသဖြင့် အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကွင်းကြီးအရှေ့ကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၉)၊ မ(၁၀)ဦး စုစုပေါင်း (၁၉)ဦး ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူ ဦးရေ ကျား(၇၀)ဦး၊ မ(၇၆)ဦး၊ စုစုပေါင်း (၁၄၆)ဦးရှိကြောင်း၊ အလယ်တန်း အဆင့်ရှိသူဦးရေ ကျား(၁၉)ဦး၊ မ(၁၄)ဦး၊ စုစုပေါင်း(၃၃)ဦးရှိကြောင်း၊ အထက်တန်း အဆင့်ရှိသူဦးရေ ကျား(၁၁)ဦး၊ မ(၅)ဦး၊ စုစုပေါင်း(၁၆)ဦးရှိကြောင်း၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေ ကျား(၇)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း(၁၇)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား(၁၂)ဦး၊ မ(၉)ဦး၊ စုစုပေါင်း(၂၁)ဦးရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၉)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း (၁၉)ဦး၊ ရှိကြောင်း၊ အထက်တန်းအဆင့် မ(၁)ဦးနှင့်လက်ရှိတက္ကသိုလ် /ကောလိပ်အဆင့် ကျား (၃)ဦး၊ (၁)ဦး စုစုပေါင်း (၄)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ မိသားစုစားဝတ်နေရေးအရသော် လည်းကောင်း(သို့မဟုတ်) ကျောင်းသူ/ကျောင်းသားတို့၏ စိတ်ဝင်စားမှုအားနည်းမှုတို့ကြောင့် လည်းကောင်း မူလတန်းအဆင့်ဖြင့် ကျောင်းထွက်နှုန်းဦးရေ များပြားကြောင်း၊ ပညာတတ်ဦးရေ နည်းပါးခြင်းတို့ကြောင့် ကျေးရွာသည် ပညာရေးပိုင်းတွင် အားနည်းမှုရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကွင်းကြီးအရှေ့ကျေးရွာရှိ ကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့် ပတ်သက်၍ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက် သော်လည်း အခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာ စီမံအုပ်ချုပ်မှု စနစ်တွင်အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု အခြေအနေမျိုး မရှိကြောင်း ၊ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်း

ဖက်မှုများအတွက် ဥပဒေနှင့်တရားမျှ မှုဆိုင်ရာများအတွက် ကျေးရွာသူ /ကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာသည် လယ်လုပ်ငန်းတစ်မျိုးတည်း အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သဖြင့်လယ်လုပ်ငန်းများတွင် ရာသီအလိုက် နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခနှုန်းထား အများဆုံးမှာ(၁၀၀၀၀)ကျပ်နှင့် အနည်းဆုံးမှာ (၆၀၀၀)ကျပ်ဖြစ်ပြီး မိန်းကလေးများ၏ လုပ်အားခနှုန်းအများဆုံးမှာ(၈၀၀၀)ကျပ်နှင့် အနည်းဆုံးမှာ(၆၀၀၀)ကျပ်ဖြစ်ကြောင်းလေ့လာ တွေ့ရှိရပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကွင်းကြီးအရှေ့ကျေးရွာတွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာ ရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊လူငယ်၊ကျား၊မ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် ကရင်လူမျိုးများ အများဆုံးဖြစ်ကြပြီး ကျေးရွာတွင် ခရစ်ယာန် ဘုရားကျောင်း(၁)ကျောင်း လည်းရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာတွင်း လူထုအခြေပြု အဖွဲ့အစည်းများမှာ ရပ်မိရပ်ဖအဖွဲ့၊လယ်သမားအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ စိုက်ပျိုးရေး၊မွေးမြူရေး မဟုတ်သောအဖွဲ့၊ ဘာသာရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့ ဖြစ်ပါ သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကွင်းကြီးအရှေ့ကျေးရွာတွင် စပါးစိုက်ဧက(၁၁၈)ဧကရှိပြီး ပျမ်းမျှ (၁၀၀)တင်း ထွက်ရှိကြောင်း၊ ပဲစိုက်ဧက(၁၁၈)ဧကရှိပြီး ပျမ်းမျှ(၃၀)တင်းထွက်ရှိကြောင်း၊ သီးနှံများအတွက် ပံ့ပိုးရသော သွင်းအားစုလိုအပ်ချက်မှာ ပုံမှန်ဖြစ်ကြောင်း၊ သီးနှံများဖြစ်ထွန်းမှုအကျိုး အမြတ် ရရှိမှုများမှာလည်းသင့်တင့် ကောင်းမွန်ကြောင်း၊ စပါးနှင့်ပဲကို အဓိကထားအားထား စိုက်ပျိုးရာ ဒေသဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ်အဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် စိုက်ပျိုးရေးအတွက် လိုအပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမား ရနိုင်ခြင်း၊

စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သော သွင်းအားစုရေကို အစီစိတွင်းများမှတိုက်ရိုက်ရရှိနိုင်ခြင်း၊ မြေဆီမြေလွှာ ကောင်းမွန်ခြင်းတို့ဖြစ်ကြပါသည်။

ကွင်းကြီးအရှေ့ကျေးရွာသည် သီးနှံထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရာတွင် ထွန်စက်များ၊ ခြွေလှေ့စက်များ၊ ရိတ်စက်များ၊ ရေစုပ်စက်များ၊ မြက်ရိတ်စက်များဖြင့် အသုံးပြု၍ ထုတ်ကုန်များ ရရှိရန် အသုံးပြုပါသည်။ စိုက်ပျိုးရာတွင် ရာသီဥတုသင့်တင့်ခြင်း၊ စိုက်ပျိုးရေရရှိမှု ပေါ်များကောင်းမွန်ပါသည်။ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများလည်း စိုက်ပျိုးရေးအတွက် ရရှိပါသည်။ စိုက်ပျိုးရေး သုံးသီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားများကိုလည်း စိုက်ပျိုးရေး အတွက် ရရှိနိုင်ပါ သည်။

ကွင်းကြီးအရှေ့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ ဝက်မွေးမြူသော အကောင်ရေ(၁၀)ကောင်၊ ကြက်မွေးမြူသောအကောင်ရေ (၅၀)ကောင်၊ ဘဲမွေးမြူသော အကောင်ရေ (၅)ကောင် ရှိကြောင်း၊ ဆိတ်၊ နွား၊ နို့စားနွား၊ ကျွဲ၊ မြင်း၊ မြည်း၊ လား၊ သိုး မွေးမြူသော အိမ်ထောင်စု မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ မွေ့ရပ်ကံစုကျေးရွာတွင် ကြက်၊ ဘဲ၊ ဝက်၊ မွေးမြူရေးကဏ္ဍတွင်လည်း စီးပွားဖြစ် မွေးမြူကြခြင်း မရှိပါ။

ကွင်းကြီးအရှေ့ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ်မွေးမြူကြခြင်း မဟုတ်ပဲ တစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့် ပတ်သက်၍လည်း လုပ်ကိုင်စား သောက်မှု မရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကွင်းကြီးအရှေ့ကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး လယ်စိုက်ပျိုးရေးတွင် ကိုယ်ပိုင်လုပ်ကိုင်သူ (၅၅)% နှင့်ရာသီအလိုက်နေ့စားအလုပ် လုပ်ကိုင်သူ (၄၅)% ရှိပါသည်။ မွေ့ရပ်ကံစုကျေးရွာသည် ဇလွန်မြို့နှင့် (၇)မိုင်ခန့်သာ ကွာဝေးသောကြောင့် သွားလာရာတွင် ဆိုင်ကယ်များကိုသာအသုံးပြုကြကြောင်း လေ့လာတွေ့ ရှိရပါသည်။ ကျေးရွာ၏ ဒေသ ထွက်ကုန်များ အားရောင်းချရန် ဈေးကွက်ကောင်း ရှိပါသည်။ကွင်းကြီးအရှေ့ကျေးရွာသည် ဇလွန်မြို့နှင့်(၇)မိုင်ကွာဝေးခြင်းတို့ကြောင့် လျှပ်စစ်မီးရရှိသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သောအခြား အသက်မွေးဝမ်း ကျောင်းလုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန် သည့် အလုပ်အကိုင် အခွင့်အလမ်းများ၊ ဝင်ငွေတိုးပွားမှုများရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကွင်းကြီးအရှေ့ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းမြစ်များ စီမံခန့်ခွဲမှုစနစ်၌ လယ်အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်ယာပျိုးရေးလုပ်ငန်းတို့မှ ထွက်ရှိသော အမှိုက်များအားမြေစာအဖြစ်ပြန်လည် သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအားတစ်ဦးချင်း တစ်ယောက်ချင်းစနစ် တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်းကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝ မြေသြဇာသုံးစွဲမှုနည်းပါးပြီး အလွယ်တကူ အသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကွင်းကြီးအရှေ့ကျေးရွာရှိ လယ်သမားအများစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေ (အတိုးနှုန်းပြား၈ဝ)များကို ချေးယူသုံးစွဲကြသည်။ မဟာငွေစုငွေချေးအဖွဲ့၊ ကိုရီးယား ငွေစုငွေချေးအဖွဲ့တို့ထံမှ (အတိုးနှုန်း ၂ကျပ်) ဖြင့်ချေးယူသူများလည်းရှိကြောင်း၊ ငွေတိုးချေးသူထံမှ (အတိုးနှုန်း ၅ကျပ်)ဖြင့် ချေးယူသူများလည်း ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ကျေးရွာသား အများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှုနည်းပါးကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကွင်းကြီးအရှေ့ကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း(စက်တပ်) အသုံးပြုသူ အိမ်ထောင်စု(၃၅)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူ အိမ်ထောင်စု(၂၄) အိမ်ရှိကြောင်း၊ တုံကင်တွင်းနှင့်ရေတွင်းတို့မှ နွေ၊ မိုး၊ ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာတစ်ရွာလုံး ရေလောင်း/ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာသည် တုံကင်တွင်းရေကို အဓိကအသုံးများကြောင်း တွေ့ရှိရပါသည်။ ရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ ညံ့နေပါသည်။ လူနေအိမ်များတွင် မီးဖိုသုံးအမှိုက်များကို စနစ်တကျမထားခြင်း၊ ပလတ်စတစ်အိပ်များ အလွယ် တကူစွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံးဆေးဝါးများ လွန်ကျွံစွာသုံးစွဲခြင်း၊ စိုက်ပျိုးရေးသုံးဗူးခွံများအား လယ်ထဲတွင်သာ အလွယ်တကူ စွန့်ပစ်သည်များကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် လက်ကမ်းစာစောင်ပေးခြင်း၊ ကွင်းဆင်း၍ သင်တန်းများ ပို့ချသင့်ကြောင်း အကြံပြုအပ်ပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကွင်းကြီးအရှေ့ကျေးရွာတွင်းရှိလူငယ်များသည် သာရေး၊ နာရေးနှင့်ဘာသာရေး ဆိုင်ရာကိစ္စရပ်များတွင် တက်တက်ကြွကြွ ဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင်နေထိုင်သောသူများမှာ ကရင်လူမျိုးများ အများဆုံးနေထိုင်ကြသဖြင့် ကရင်နှစ်သစ်ကူးပွဲ၊ ခရစ်စမတ်ပွဲစသော ပျော်ပွဲရွှင်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း၊ နှစ်သစ်ကူးပွဲများတွင် နှစ်စဉ်ဖျော်ဖြေရေး အစီအစဉ်များ အနေဖြင့် ဇာတ်ပွဲများဖြင့် ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကွင်းကြီးအရှေ့ကျေးရွာသည် လက်ရှိတွင် လျှပ်စစ်မီးလင်းရေးရရှိပြီးကြောင်း၊ ကျေးရွာသို့ ဝင်ရောက်သော ကျေးရွာချင်းဆက်လမ်းမှာ ချိုင့်ခွက်များ နေရာအနှံ့ဖြစ်ပြီး ပျက်စီးနေပါသဖြင့် ကုန်ထုတ်ယာဉ်များ ရာသီမရွေး ဖြတ်သန်းသွားလာမှု မပြုနိုင်သဖြင့် လက်ရှိလမ်းအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်လိုကြောင်း၊ အိမ်ရှင်မများအနေဖြင့် မိသားစု အပိုဝင်ငွေ ရရှိနိုင်ရန်အတွက် တစ်နိုင်တစ်ပိုင် အိမ်တွင်းအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်လိုပါကြောင်း နှင့် ကျေးရွာတွင်းရှိလူငယ်လူရွယ်များ အသိပညာဗဟုသုတ တိုးပွားရန် အလို့ငှာ စာကြည့်တိုက် တည်ဆောက်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လိုကြောင်း တွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာသည် လက်ရှိတွင် လျှပ်စစ်မီးရရှိပြီး လျှပ်စစ်မီးအသုံးပြုသောအိမ် (၅၆)အိမ်၊ လျှပ်စစ်မီး အသုံးမပြုနိုင်သောအိမ် (၃)အိမ် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များ ရရှိရေးအတွက် ဖုန်း(၅၉)လုံး၊ တီဗွီ(၂၁)လုံး၊ ဂြိုလ်တုစလောင်း(၂၁)လုံးဖြင့် အသုံးပြုနိုင်မှုရှိကြောင်း၊ mpt၊ telenor၊

ooredoo၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံး ပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၇)မိုင်ကွာဝေးသော အနီးဆုံးဈေး“ဇလွန်ဈေး”သို့သွားလာကြပြီး စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင် သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေး ပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရရှိနိုင် ပါသည်။ မွေ့ရပ်ကံစုကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် (၁၆)မိုင်အထက် ကွာဝေးသော ဟင်္သာတမြို့သို့ ဆိုင်ကယ်၊ ကား/သုံးဘီးဆိုင်ကယ်တို့ဖြင့် ဆက်သွယ် သွားလာကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်မှုမှာ စက်ဘီး(၂၄)စီး၊ မော်တော် ဆိုင်ကယ် (၃၅)စီး၊ ထော်လာဂျီ(၆)စီး ဖြစ်ပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကွင်းကြီးအရှေ့ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo, Mytel ကဲ့သို့သော ဖုန်းလိုင်းများ မိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသား များမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကွင်းကြီးအရှေ့ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် လယ်စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်နိုင်ပြီး ဇလွန်မြို့နှင့် (၇)မိုင်သာဝေးခြင်း၊ သွားလာရလွယ်ကူခြင်းကြောင့် ကျေးရွာ၏ တည်နေရာ အနေအထားမှာ ကောင်းမွန်ပါသည်။ကွင်းကြီးအရှေ့ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာနှင့်(၁)ဖာလုံဝေးသော

ဒေါင့်ကြီးကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် (၇)မိုင်ခန့်ဝေးသော ဇလွန် မြို့နယ်ပြည်သူ့ ဆေးရုံရှိသဖြင့် အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

ကွင်းကြီးအရှေ့ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့၊ ဘာသာရေးအဖွဲ့၊ အုပ်ချုပ်ရေး အဖွဲ့တို့ရှိပြီး အမှန်တကယ် ကျေးရွာအတွင်း ထိထိရောက်ရောက် ပါဝင်လုပ်ဆောင်ကြပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကွင်းကြီးအရှေ့ကျေးရွာသည် မီးလင်းရေး လုပ်ငန်းများတွင်လျှပ်စစ်မီးရရှိပြီးဖြစ်သဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အဆင်ပြေပါသည်။ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်နေကြသော်လည်း ကျေးရွာတွင် အဆင်ပြေသူ အိမ်ထောင်စု နည်းပါးသောကြောင့် ကျေးရွာချင်းဆက်လမ်းအား ကုန်ထုတ်ယာဉ်များ သွားလာနိုင်ရန်အတွက် အဆင့်မြှင့်တင်ရန် စုဆောင်းငွေနည်းပါးပြီး အခက်အခဲရှိသောကြောင့်သက်ဆိုင်ရာ မြို့နယ်ဌာနများ နှင့်ပူးပေါင်း ဆောင်ရွက်မှသာ ကောင်းမွန်သော လမ်းများဖြစ်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

ကွင်းကြီးအရှေ့ကျေးရွာ၌ အိမ်ရှင်မများအနေဖြင့် တစ်နိုင်တစ်ပိုင် အိမ်တွင်းအသက် မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက မိသားစုဝင်ငွေ ရရှိမည်ဖြစ်ပြီး စားဝတ်နေရေး အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသဖြင့် အိမ်တွင်းအသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဆိုပါက များစွာအဆင်ပြေမည်ဖြစ်ကြောင်းနှင့် ကျေးရွာတွင်းရှိ လူငယ် လူရွယ်များ အသိပညာဗဟုသုတ တိုးပွားရန်အလို့ငှာ စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပါက ကျေးရွာ၌ စာဖတ်ခြင်းအကျိုးကျေးဇူးကြောင့် သိသင့်သိထိုက်သော ဗဟုသုတများ၊ အသိပညာများရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည်ကွန်ကရစ်လမ်း (၁၀၆၀'x၆'x၆")လမ်းအား ပြုလုပ်ဆောင် ရွက်နိုင်ရမည်။

က.၂)ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်း (၁၀၂၀'x၆'x၆")လမ်းအားပြုလုပ်ဆောင်ရွက်နိုင်ရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း လုပ်ငန်းအား ဆောင်ရွက်နိုင်ရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် မြစိမ်းရောင်ချေးငွေစီမံကိန်း ဆောင်ရွက်နိုင်ရမည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာပေး သင်တန်းဖွင့်လှစ် ဆောင်ရွက်နိုင်ရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်း ချမှတ်ထားပါသည်-

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကွန်ကရစ်လမ်း (၁၀၆၀'x၆'x၆")လမ်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကျေးရွာပတ်ကွန်ကရစ်လမ်း (၁၂၀၀'x၆'x၆")လမ်း အားအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရမည်။

ခ.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဦးစီးဌာနအားတင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့နယ် ကျေးလက်ဦးစီးဌာနအား တင်ပြ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

ခ.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာပေးသင်တန်းများဖွင့်လှစ်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာ၊မွေး/ကုဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများအစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိပံ့ပိုးမှု ပေးနိုင်မည့် အစိုးရဌာနများ နှင့်အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ် ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကို လည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(က) ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်း

ကွင်းကြီးအရှေ့ကျေးရွာ ချင်းဆက်လမ်း (၁၀၆၀'x၇'x၆")ကွန်ကရစ်လမ်းခင်းခြင်းအား ရာသီမရွေး ယာဉ်များ ဖြတ်သန်းသွားလာဆက်သွယ်မှုပြုနိုင်ရေး ကျေးလက် ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင် ရွက်သွားပါမည်။

(ခ) ကျေးရွာပတ်လမ်းကွန်ကရစ်လမ်းခင်းခြင်း

ကွင်းကြီးအရှေ့ကျေးရွာပတ်လမ်း (၁၂၀၀'x၆'x၆")ကွန်ကရစ်လမ်းခင်းခြင်းအား ရာသီမရွေး ယာဉ်များ ဖြတ်သန်းသွားလာဆက်သွယ်မှုပြုနိုင်ရေး ကျေးလက် ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင် ရွက်သွားပါမည်။

(ဂ) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

ကွင်ကြီးအရှေ့ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ ကျန်းမာရေးဆိုင်ရာဗဟုသုတများ ရရှိစေရန်နှင် ကျန်းမာရေးမကောင်းပါက အချိန်နှင့် တပြေးညီကုသနိုင်ရန်အတွက် ကျေးလက် ဆေးပေးခန်း တည်ဆောက်ခြင်းလုပ်ငန်းအားဆောင်ရွက်နိုင်ရန် ဆိုင်ရာ ဦးစီးဌာန၊ အလှူရှင်တို့နှင့်

ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ဃ) မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်း

ကွင်းကြီးအရှေ့ကျေးရွာရှိ ကျေးရွာသူ/သားများ မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် ဆင်းရဲမှုလျှော့ချစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းအားဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဦးစီး ဌာနနှင့်ချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(င) စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာပေးသင်တန်းများဖွင့်လှစ်ခြင်း

ကွင်းကြီးအရှေ့ကျေးရွာတွင်းရှိ တောင်သူလယ်သမားများနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ နည်းပညာဆိုင်ရာဗဟုသုတများ တိုးပွားလာစေရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာနည်းပညာပေးသင်တန်းများဖွင့် လှစ်နိုင်ရန် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများ ဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။

ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစား ကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်း အုပ်စုသတ်မှတ်ခြင်း (Functional classification)- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထု သည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၁၀၆၀'x၆'x၆")

(၂) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၁၂၀၀'x၆'x၆")

(၃) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

(၄) မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၅) စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်း ပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၁၀၆၀'x၆'x၆") | ၁ | Â | | | | |
| ၂။ | ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၁၂၀၀'x၆'x၆") | ၂ | | Â | Â | | |
| ၃။ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၃ | | | Â | Â | Â |
| ၄။ | မြစိမ်းရောင်ကျေးရာစီမံကိန်းဆောင်ရွက်ခြင်း | ၄ | | | | Â | Â |
| ၅။ | စိုက်ပျိုးရေး၊မွေးမြူရေးသင်တန်းများဖွင့်လှစ်ခြင်း | ၅ | | | | Â | Â |

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲ ရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြ ထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက်ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | | |
|---|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၁၀၆၀'x၆'x၆") | | | Â | | |
| ၂။ | ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၁၂၀၀'x၆'x၆") | | | Â | | |
| ၃။ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | | | Â | | |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၄။ | မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်း | | | Â | | |
| ၅။ | စိုက်ပျိုးရေး၊မွေးမြူရေးသင်တန်းများဖွင့်လှစ်ခြင်း | | | Â | | |

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့နယ် ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံ

ကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာမြို့နယ် သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress)တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါ

